မြန်မာဘာသာ（ミャンマー語）

# အာမာ့ဂါ့စာကီမြို့ နိုင်ငံခြားသားများအတွက် လူနေမှုကျင့်ဝတ် လမ်းညွှန်

## ～စည်းကမ်းနဲ့ကျင့်ဝတ်တွေက သင့်ကို အကာအကွယ်ပေးမယ်～

- နေအိမ်ဆိုင်ရာ စည်းကမ်းနှင့် ကျင့်ဝတ်များ
- စက်ဘီးဆိုင်ရာ စည်းကမ်းနှင့် ကျင့်ဝတ်များ
- အမှိုက်ပစ်နည်း စည်းကမ်းနှင့် ကျင့်ဝတ်များ
- နေထိုင်မှုဆိုင်ရာ စည်းကမ်းနှင့် ကျင့်ဝတ်များ
- ဆေးလိပ်သောက်သူများသို့
- သင်ကိုယ်တိုင်ကို ကာကွယ်ဖို့အတွက်



## အခက်ကြုံတဲ့အခါမှာ တိုင်ပင်ပါ


အာမာ့ဂါ့စာကီမြို့ နိုင်ငံခြားသား အထွေထွေတိုင်ပင်ရေးစင်တာ

လိပ်စာ 1-23-1 Higashi Nanamatsucho, Amagasaki City
အုပ်ချုပ်ရေးအဖွဲ့ရုံး အလယ်အဆောက်အအုံ ၇ ထပ်

အချိန် တနင်္လာနေ့မှ သောကြာနေ့ မနက် ၁၀ နာရီမှ ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ၄ နာရီ
နိုင်ငံခြားဘာသာစကား တိုင်ပင်ရေးဝန်ထမ်း (အင်္ဂလိပ်၊ တရုတ်၊ ဗီယက်နမ်)
※အဲဒါတွေအပြင် တခြားဘာသာစကားတွေအတွက်
စကားပြန်စက်စတာတွေကိုအသုံးပြုဆောင်ရွက်ပေးနေပါတယ်။

TEL 06-6489-6449　　FAX 06-6489-6661


MAIL ama-welcome@city.amagasaki.hyogo.jp



尼崎市

# နေအိမ်ဆိုင်ရာ စည်းကမ်းနှင့် ကျင့်ဝတ်များ

## အိမ်ခန်းငှားတဲ့အခါ




- ငှားတဲ့သူပဲ နေနိုင်ပါတယ်။ တခြားသူတွေ နေလို့မရပါ။
- တခြားသူကို ထပ်ဆင့်ငှားလို့မရပါဘူး။
- တခြားအိမ်ကို ပြောင်းနေတော့မယ်ဆိုရင် စာချုပ်ဖျက်သိမ်းပါ။
  (လျှပ်စစ်၊ ဂက်စ်၊ ရေ၊ အင်တာနက်တွေကိုလည်း ဖြတ်ဖို့မမေ့ပါနဲ့)
- စင်္ကြံနဲ့ လှေခါးတွေဟာ အများအသုံးပြုတဲ့နေရာဖြစ်ပါတယ်။ သင့်ရဲ့ ပစ္စည်းတွေကို ထားလို့မရပါဘူး။

※စည်းကမ်းမလိုက်နာတဲ့အခါ အဲဒီအိမ်ကနေနှင်ထုတ်ခံရနိုင်ပါတယ်။

# အမှိုက်ပစ်နည်း စည်းကမ်းနှင့် ကျင့်ဝတ်များ

## အမှိုက်ပစ်ချိန်



- မီးရှို့လို့ရတဲ့အမှိုက်နဲ့ ပုလင်း၊သံဘူး၊ ရေသန့်ဘူး စတာတွေကို အမျိုးအစားအလိုက် သီးခြားခွဲပါ။
- အမှိုက်အမျိုးအစားအလိုက် ပစ်ပုံပစ်နည်း၊ ပစ်ရမယ့်နေ့၊ ပစ်ရမယ့်နေရာတွေ သတ်မှတ်ထားပါတယ်။
- အမှိုက်ကို သတ်မှတ်ထားတဲ့အိတ် "အာမာဂါ့စာကီမြို့မှသတ်မှတ်ထားသောအိတ်" နဲ့ ထည့်ပါ။
- အကြီးစားအမှိုက် (၅၀ စင်တီမီတာအထက်) ပစ်တဲ့အခါ ကြိုတင်စာရင်းပေးဖို့နဲ့ စွန့်ပစ်ရေးအတွက်ပိုက်ဆံပေးဖို့ လိုပါတယ်။

※စည်းကမ်းမလိုက်နာပါက
အမှိုက်ပစ်ထားပေမဲ့ မြို့အနေနဲ့ အဲဒီအမှိုက်ကို မသိမ်းပေးပါဘူး။
သတ်မှတ်နေရာမဟုတ်တဲ့နေရာမှာ အမှိုက်မပစ်ရ။
စည်းကမ်းချိုးဖောက်ရင် အပြစ်ပေးအရေးယူတာ ခံရနိုင်ပါတယ်။

အမှိုက်ပစ်နည်း အသေးစိတ် စည်းကမ်းတွေကို အာမာဂါ့စာကီမြို့ အင်တာနက်စာမျက်နှာမှာ ရှင်းလင်းဖော်ပြထားပါတယ်။

# ဆေးလိပ်သောက်သူများသို့



- လမ်းလျှောက်ရင်း၊ စက်ဘီး/မော်တော်ဆိုင်ကယ်စီးရင်း ဆေးလိပ်မသောက်ရ။
- သောက်ပြီးတဲ့ဆေးလိပ်တိုကို လမ်းပေါ်မှာ မစွန့်ပစ်ရပါ။ အိပ်ဆောင်ဆေးလိပ်ပြာခွက်ကို အသုံးပြုပါ။


※ဆေးလိပ်သောက်ချိန်မှာ အနားမှာ လူရှိမရှိ စစ်ဆေးပါ။
တခြားသူတွေဆီကို ဆေးလိပ်ငွေ့ မရောက်အောင် လုပ်ဆောင်ပါ။

# စက်ဘီးဆိုင်ရာ စည်းကမ်းနှင့် ကျင့်ဝတ်များ




- စက်ဘီးကို စက်ဘီးရပ်နားရေးနေရာမှာ ထားပါ။ ရပ်နားရေးနေရာမဟုတ်တဲ့နေရာမှာ ထားရင် သိမ်းဆည်းခံရပါမယ်။
- စက်ဘီးကိုထားသွားချိန်မှာ အမြဲ သော့ခတ်ထားပါ။
- မီးပွိုင့်အချက်ပြမီးနဲ့ ခေတ္တရပ်ခြင်းစည်းကမ်းတွေကို လိုက်နာပါ။
- အရက်သောက်ထားရင် စက်ဘီးမစီးရပါဘူး။
- မှောင်လာရင် စက်ဘီးမီးကိုထွန်းပါ။
- စက်ဘီးစီးချိန်မှာ ကားလမ်းလက်ဝဲဘက်ကနေ စီးပါ။ ခြေကျင်လျှောက်လမ်းကို ဖြတ်စီးချိန်မှာ ခြေကျင်လျှောက်သူတွေကို သတိပြုပါ
- စက်ဘီးစီးတဲ့အခါ ခေါင်းဆောင်းဦးထုပ်ကို ဆောင်းပါ။

# နေထိုင်မှုဆိုင်ရာ စည်းကမ်းနှင့် ကျင့်ဝတ်များ



- ကျယ်လောင်တဲ့အသံနဲ့ ဆူညံပြောဆိုခြင်းမပြုရ။
- ကျယ်လောင်တဲ့အသံနဲ့ သီချင်းဖွင့်ခြင်းမပြုရ။ (အထူးသဖြင့် ညအချိန်မှာ သတိထားပါ။)

※တခြားနေထိုင်သူတွေနဲ့အကြား ပြဿနာဖြစ်ပါမယ်။
※ရဲရောက်လာပြီး သတိပေးခံရတတ်ပါတယ်။




- အိမ်ပြင်ထွက်တဲ့အခါ အိမ်တံခါးနဲ့ ပြတင်းပေါက်တွေကို သော့ခတ်ပါ။
- အိမ်မှာရှိနေတဲ့အခါမှာလည်း သော့ခတ်ထားပါ။

※သော့မခတ်ထားရင် ရာဇဝတ်မှုတွေနဲ့ ကြုံရနိုင်ပါတယ်။

# သင်ကိုယ်တိုင်ကို ကာကွယ်ဖို့အတွက်

## ကိုယ်ရေးအချက်အလက် ပေါက်ကြားမှုကို သတိထားပါ



- ဇိုင်းလျူးကာ့ဒ်၊ ပြည်သူ့ကျန်းမာရေးအာမခံကတ်ပြား စတာတွေကို တခြားသူကို ပေးသုံးလို့မရပါဘူး။ တခြားသူဆီက ငှားသုံးလို့လည်း မရပါဘူး။
- ဘဏ်စာရင်းကို တခြားသူသုံးဖို့ လက်လွှဲပေးလို့ မရပါဘူး။ ရောင်းလို့ မရပါဘူး။
- ကိုယ်ရေးအချက်အလက် ရေးထားတဲ့အရာကို လူမှုကွန်ရက်စတာတွေမှာ မတင်ပါနဲ့။

※ရာဇဝတ်မှုတွေနဲ့ ကြုံရနိုင်ပါတယ်။
ဒါအပြင် အပြစ်ပေးအရေးယူ ခံရနိုင်ပါတယ်။


## အခွန်အခ ပေးသွင်းစရာရှိတာတွေကို သတိမမေ့နေပါသလား



- ပြည်သူ့ကျန်းမာရေးအာမခံ၊ ပြည်သူ့ပင်စင်တွေရဲ့ အာမခံကြေးနဲ့ အခွန်တွေကို သတ်မှတ်ကာလအတွင်းမှာ ပေးသွင်းပါ။

※မပေးသွင်းဘူးဆိုရင်
ထပ်မံတောင်းခံလွှာကြေး၊ နောက်ကျကြေးတွေ ထပ်ဆောင်းပေးဆောင်ရဖို့ ဖြစ်လာပါမယ်။
သင့်ရဲ့ ပိုက်ဆံနဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေ သိမ်းယူခံရပါမယ်။
နေထိုင်ခွင့်သက်တမ်း ထပ်တိုးလို့မရတာမျိုး ဖြစ်နိုင်ပါတယ်။

## အလုပ်စလုပ်ချိန်တွင် သတိထားရန်အချက်



- အလုပ်ချိန်၊ လုပ်ခလစာနဲ့ အလုပ်တာဝန်တွေကို စစ်ဆေးပါ။
- နေထိုင်ခွင့်အမျိုးအစား "ပညာတော်သင်"၊ "မိသားစုမှီခို" စသူတွေဟာ မူအားဖြင့် ၂၈ နာရီထက်ကျော်လွန် အလုပ်မလုပ်ရပါ။

※စည်းကမ်းချိုးဖောက်ရင် ပြည်နှင်ခြင်း ခံရနိုင်ပါတယ်။

